# မြပုလဲသွယ်

## ဒီရင်ခွင်မှာ
## နားခိုလှည့်

graphic designed by

# အခန်း (၁)

ရစ်ခွေစီးဆင်းနေသော မြစ်မင်းဧရာကို မြွေ ငေးငေးလေး ကြည့်နေမိသည် ။ မှုန်ပြာပြာ တောင်တန်းနှင့် စိမ်းမြရွှန်းစိုသော ထင်းရှူးပင်စုစုက ပြာလွင်သော မိုးသားကို နောက်ခံပြုလျက် လှပသက်ဝင်သော ပန်းချီကားချပ်နှယ် လိုက်လျောတည်ငြိမ်စွာ ရှိနေ၏။

ဆောင်းကြွင်းရက်များကြောင့် ဆောင်းခိုးမြူမှုန်တို့ ဟိုတစ်စ ဒီတစ်စ ပျံ့လွင့်လျက် နံနက်ခင်း၏ အလှကို ပို၍ အားဖြည့်ကူညီနေပြန်သည် ။ ပြာညိုသော မည်းနယ်ရောင်တောင်တန်း၊ စိမ်းမှောင်သော သစ်ပင်များကို ပိုးတဝါးဖြစ်သော မြူနှင်းမြူမှုန်များ အုံ့ဆိုင်းနေပုံကို တစ်ချက်မျှ ငေးရီရီလေးကြည့်ပြီးနောက် နေရာမှ လေးလံသော ခြေလှမ်းများ ဖြင့် စတင်ကျောခိုင်း ထွက်ခွာလာခဲ့သည် ။

ဆွတ်ပျံ့ကြည်နူးဖွယ်ရာ အလှအပများ နှင့် ချစ်စရာကောင်းသော ဤတောင်ပေါ်မြို့လေးကို မြွေရင်မှာ အထူးပင် နှစ်ခြိုက် သဘောကျမိသည် ။ အထူးသဖြင့် တောင်ပေါ်သူ တောင်ပေါ်သားတို့ ၏ ရိုးသားဖြူစင်သော စိတ်ရင်းစေတနာကို ဘယ်လိုမှ အသိအမှတ်မပြုဘဲ မနေနိုင်။

သူတို့ တွင် မည်သည့် ဂုဏ်တုဂုဏ်ပြိုင်မှ မရှိ။

အပြိုင်အဆိုင်မရှိသော အလိုလောဘက နည်းလာသည် ။

အလိုလောဘမရှိတော့ ဒေါသ မောဟတွေလည်း နည်းပါးလာသည် ။

ရောင့်ရဲတင်းတိမ် ကျေနပ်တတ်ခြင်းသည် ဖြူစင်ရိုးသားသော စိတ်ရင်း၏ အခြေခံဖြစ်မည်ထင်သည် ။

"ဆရာမလေး ဘယ်ကလာလဲ"

"လမ်းလျှောက်ပြီး ပြန်လာတာပါ ဒေါ်နန်းတောင်"

ကွမ်းချေးတို့ ဖြင့် မည်းနက်နေသော သွားများကို အစွမ်းကုန်ဖော်လျက် မြွေကို နှုတ်ဆက်စကား ဆိုလာသည့် တောင်ပေါ်သူကြီးကို ကြည်လင်တောက်ပသော အပြုံးဖြင့် တုံ့ပြန်နှုန်ဆက်ရင်း ရှေ့ဆက်လျှောက်ခဲ့သည် ။

ဖြစ်ပေါ်လာသော ရင်ထဲက ကြည်နူးချမ်းမြေ့ခြင်းက မည်သည့်ဂုဏ်ကျေးဇူး အရှိန်အဝါနှင့်မျှ လဲလှယ်ယူ၍ မရနိုင်ကြောင်း မြွေကိုယ်တိုင်ကောင်းစွာ နားလည် သဘောပေါက်ခဲ့ပြီးပါပြီ။

စေ့ရုံစေ့ထားသော ခြံတံခါးကို တွန်းဖွင့်ဝင်လိုက်ချိန်တွင် နှင်းဆီရနံ့သင်းသင်းက လေနုအေးထဲမှ တစ်ဆင့် တိုးဝင်လာကာ မြွေ၏ စိတ်ဘဝင်နှလုံးကို ညွတ်နူးပျော့ပျောင်းသွားစေသည် ။

လှပသောနှင်းဆီကို နှစ်ခြိုက်သဘောကျသော်လည်း ဆူးများ ဖြင့် သူ့အလှကို မာန်ဝင့်ထည်စွာ ကာကွယ်ထားသူအဖြစ် နှစ်သက်မြတ်နိုးခြင်းက မရှိချေ။

ဆူးရှိသောပန်းကို ခူးမည်ဆိုလျှင် သတိမထားမိသူမှန်သမျှ ဆူးစူးခြင်း ခံရပေမည်။ အဆိပ်ရှိသော သတ္တဝါကို ထိကိုင်ရန် သတိရှိရမည့် အခြေခံအကြောင်းအရာချင်း အတူတူပင် ဖြစ်သည် ။

သော့ပိတ်ထားသည့် အိမ်တံခါးကို မြွေ ဖွင့်ဝင်ခဲ့သည် ။ မြွေ့အတွက် အဖော်လာနေပေးသော ကလေးမလေး ရွာပြန်သွား၍ မြွေ့တစ်ယောက်တည်း အဖော်မဲ့လျက် ရှိ၏။

သို့သော်လည်း ထိုကိစ္စသည် မြွေ့အတွက် ရေးကြီးခွင်ကျယ်လုပ်ရမည့် အနေအထားမဟုတ်တော့ချေ။ မြွေ့ဘဝမှာ နည်းအမျိုးမျိုးဖြင့် ရှင်သန်ရပ်တည်ခဲ့ရခြင်းကြောင့် ထိုလောက်ကို စာဖွဲ့မနေလိုခြင်းလည်း ဖြစ်မည်ထင်သည် ။

လက်ကနာရီကို တစ်ချက် ငုံ့ကြည့်လိုက်သည် ။

မကြာမီ ဆေးရုံကို သွားရတော့မည်။

ရေနွေးနွေးဖြင့် ရေချိုးအဝတ်လဲပြီး နံနက်စာအတွက် ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်မီးကင်နှစ်ချပ် စားလိုက်သည် ။ နေ့လယ်စာအတွက်လည်း ဘာမှ ပူပင်ကြောင့်ကြစရာ မရှိ။ ကြက်ဥ၊ ဝက်အူချောင်း၊ ပုစွန်ခြောက် ဘာလချောင်ကြော်၊ မုန်ညင်းချဉ်အားလုံး အသင့်ရှိသည် ။ ထမင်းပူပူတစ်အိုး တည်လိုက်နှင့် အားလုံး အဆင်ပြေသည် ။

ထမင်းအိုးတစ်လုံးနှင့် ရေနွေးလောက်သာ သူမတာဝန်ရှိသည် ။ ဆေးရုံနှင့်လည်း သိပ်မဝေးတာမို့ အ လုပ်သွား အလုပ်ပြန်ခရီးကို ခြေကျင် လျှောက်သွားမြဲ။

ကျန်းမာရေးနှင့်လည်း ညီညွတ်။

တောင်တန်းပြာနှင့် ထင်းရှူးပင် ချယ်ရီ၊ စိန်ပန်းပြာ၊ ယူကလစ်ပင်များကို မျက်စိတစ်ဆုံး တစ်လမ်းလုံး ငေးချင်ရာငေး တွေးချင်ရာတွေးပြီး သွားရတာကို မြွေ့ သဘောအကျဆုံးဟု ဆိုလျှင်လည်း မမှား။

ထိုမြင်ကွင်းမှာ မြွေ့အတွက် ဘယ်တော့မှ ရိုးအီမသွားနိုင်သော

မြင်ကွင်းဖြစ်ပြီး တောင်တန်းပြာနှင့် ထင်းရှူးပင်များကို အသွား နှုတ်ဆက်မိသလို အိမ်အပြန်ခရီးမှာ လည်း နှုတ်ဆက်ဂုဏ်ပြုမြဲ။

လှပသော စိမ်းညို့ညို့ တောင်တန်းပြာများ နှင့် မိုးကောင်းကင်တို့ ထိစပ်နေပုံက လှပသက်ဝင်လွန်းလှသည် ။ သို့သော်လည်း ထိုအရာနှစ်ခုက အမြင်မှာ နီးသယောင် ခရီးလမ်းအကွာအဝေးကဖြင့် ခန့်မှန်းရခက်အောင် ကွာဝေးလွန်းလှပေသည် ။

အနိမ့်အမြင့် အညီမညာ။ အဆင့်ဆင့်မြင့်တက်ပြီးမှ တစ်ဖန် နိမ့်လျောဆင်းကျလာသည့် ဤတောင်တန်းပြာ၏ အသွင်ကို လှမ်းမျှော်ကြည့်မိမည်ဆိုလျှင် အထီးကျန်ဆန်စွာ ဆွတ်ပျံ့လွမ်းမောဖွယ်ရာအဖြစ် မြင်တွေ့ရမည်ဖြစ်သော်လည်း တကယ့် လက်တွေ့ဘဝမှာ ထိုသို့မဟုတ်ပြီ။

တောင်ပြာတန်း၏ ရင်ခွင်ထဲမှာ သက်ရှိလူသားတို့ ရှိနေကြသည် ။ အစုအဝေးနှင့် နေထိုင်ပေါက်ဖွား ရှင်သန်ကြသည် ။ ရွာကြီးရွာငယ် တည်လျက် မျိုးနွယ်စုအသိုင်းအဝိုင်းနှင့် ဆွေမျိုးစုများကြား ပျော်ကြရွှင်ကြ၊ ဝမ်းနည်းကြ၊ ဝမ်းသာကြနှင့် စိတ်လှုပ်ရှားဖွယ်ရာ အဖြစ်အပျက်များ ဖြင့် တောနှင့်တောင်စွယ် အဆင့်ဆင့်ကို လှုပ်ရှား သက်ဝင်စေကြပြန်သည် ။

တစ်နေ့တော့ ထိုတောင်ပေါ်ရွာလေးများ ရှိရာကို အလည် ရောက်သွားဦးမည်ဟု စိတ်မှာ တေးမှတ်ထားသည် ။ ဆေးရုံထဲကို လှမ်းဝင်လိုက်သည် နှင့် ယဉ်ပါးနေပြီဖြစ်သော ပိုးသတ်ဆေးနံ့ကို စတင်ရှူရှိုက်မိ၏။

"မောနင်း ဒေါက်တာ"

"မောနင်း ဆရာ"

ဆေးရုံအုပ် ဆရာဝန်ကြီး ဦးသက်လယ်က မြွေ့ကိုနှုတ်ဆက်ပြီး ထွက်ခွာသွားရာ မြွေ့မှာ သူမတို့ အတွက် ထားရှိသော နားနေခန်းသို့ လျှောက်ခဲ့သည် ။

"ဒေါက်တာ့အတွက်တဲ့ ၊ ဟောဒီမှာ နန့်ရာပင်ယူလာပေးတဲ့ စံပယ် ပန်းတွေ"

"သင့်ခ်ယူပါ စစ္စတာ၊ နန့်ရပင်ကိုလည်း ကျေးဇူးတင်တဲ့ အကြောင်း ပြောလိုက်ပါ၊ မြွေ့က စံပယ်ဆို သိပ်ကြိုက်တာနဲ့ အတော်ပဲ"

စစ္စတာကြီး လှမ်းပေးလာသည့် စံပယ်ဖြူဖြူတွေကို ဆံယဉ်စုစုမှာ ထုံးဖွဲ့ထားသော ဆံထုံးမှာ ဝေနေအောင် ရစ်ခွေလျက် ပန်ဆင်လိုက် သည် ။

"ဒေါက်တာကတော့ ဘယ်လိုပဲနေနေ အလှဆုတောင်း ကောင်းနေ တာပဲနော်၊ ပန်းကလေး ပန်လိုက်တော့ အလှမှာ အယဉ် ဆင့်သွားတယ် "

"မြွေ့က အမြှောက်ကြိုက်တယ်နော် စစ္စတာ"

"တကယ်ပြောတာပါ ဒေါက်တာရယ်၊ ကျွန်မစကားကို ဘုရားသခင် သိပါတယ်"

ဘုရားသခင်ကို တိုင်တည်ပြီး ပြောလိုက်သော စစ္စတာ့စကားကို သ ဘောကျစွာ မြွေ့ ပြုံးလိုက်တော့ စစ္စတာလည်း သိပ်လှသည့် မြွေ့ကို ကြည့်ပြီး ပြုံးနေပါသည် ။

လှပလွန်းသော မြွေ့၏ အပြုံးက လူနာတွေကို ရောဂါတစ်ဝက် သက် သာသွားစေသည် ဟု ဆိုကြသလို ဆင်းရဲချမ်းသာမရွေး လူနာများ အပေါ်မှာ အမြဲလို နူးညံ့ကြင်နာစွာ ပြောဆိုဆက်ဆံတတ်သော မြွေ့ကို

လူနာတိုင်းကလည်း ချစ်ခင်အားကိုးကြသည် ။

ဒေါက်တာမြွေဆိုလျှင် လူတိုင်း မသိသူမရှိသလောက် ဆေးလောက အသိုင်းအဝိုင်းမှာ ပျံ့မွှေးသောဂုဏ်သတင်းကို ဆောင်လျက်ရှိသည် ။

"အဘွား နေကောင်းလား"

"ကောင်းပါတယ် ဆရာဝန်မလေးရယ်၊ ဆရာဝန်မလေးကျေးဇူးကြောင့် ကျုပ် အသက်မသေတာပါ"

ပိန်လှီဖျော့တော့သော အဘွားအိုက မြွေ၏ လက်ကလေးတစ်ဖက်ကို သူ၏ ပိန်လှီသေးကွေးသော လက်ကလေးများ ဖြင့် အသာအယာ ဆုပ်ကိုင်လာတာကို မြွေက ပြန်လည် ဆုပ်ကိုင် အားပေးနှစ်သိမ့်ရင်း လှိုက်လှဲစွာ ပြုံးပြလိုက်၏။

"မြွေတစ်ယောက်တည်းကြောင့် မဟုတ်ပါဘူး အဘွားရယ်၊ ဟောဒီမှာ ဆေးရုံမှာ ရှိနေတဲ့ ဆရာ ဆရာမတွေအားလုံးကြောင့်ပါ၊ အခု အဘွား နေကောင်း လာပြီဆိုတော့ ဆေးရုံက ဆင်းလို့ ရပါပြီ၊ အဘွား ဝမ်းမသာဘူးလား"

လိုအပ်သော စမ်းသပ်စစ်ဆေးမှုများကို ပြုပြီး ပြုံးလျက် အဘွားအိုကို ဆိုလိုက်တော့ လူနာအဘွားအိုခမျာ သွားဖုံးမည်းမည်းများ ပေါ်သည်အထိ ပြုံးရယ်လိုက်သည် ။

"ဝမ်းသာတာပေါ့ ဆရာဝန်မလေးရယ်၊ အိမ်ကို လွမ်းလှပြီ၊ ရွာမှာ ကျုပ်အချစ်ဆုံးမြေးလေး ရှိတယ်၊ သူ့ကို ကျုပ် သိပ်တွေ့ချင်နေပြီ ဆရာဝန်မလေးရဲ့ "

"ဟုတ်လား အခု အဘွားဆန္ဒ ပြည့်ပါပြီ၊ အဘွားရဲ့ မြေးကို တွေ့ရမယ်နော် အဘွား၊ ဒီကအဒေါ်က ဆေးရုံဆင်းခွင့်လက်မှတ် မြွေဆီမှာ

လာယူပါနော်"

"ဟုတ်ကဲ့ပါ ဆရာဝန်မလေး"

အနားတွင် လူနာစောင့်အဖြစ် အတူရှိနေသည့် အဘွားအို၏ သမီးက မြွေကို ချစ်ခင်အားကိုးစွာ ငေးကြည့်ရင်း တုံ့ပြန်စကား ဆိုပါသည်။

"မြွေကို ခွင့်ပြုပါဦး အဘွား"

"ကျန်းမာချမ်းသာပါစေကွယ်၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ"

အဘွားအိုထံမှ လှိုက်လှဲသော ဆုပေးသံတဝေဝေက မြွေ့နောက်ပါးမှာ ကျန်ရစ်၏။ မြွေက တခြားတခြားသော လူနာများ ရှိရာသို့ သွားရောက်ကာ တစ်ယောက်ချင်းအပေါ်မှာ စိတ်ရှည်စွာ ကြင်ကြင်နာနာ မေးမြန်းစစ်ဆေးလျက် ဆေးကုသမှုပြုနေပုံက ပကတိ ငြိမ်းချမ်းအေးမြမှုကို ခြုံလွှမ်းလျက်ရှိသည်။

ရိုးသား၍ ဖြူစင်သူများက အလိုလောဘ နည်းပါးသလောက် ဆင်းရဲမွဲတေကြသူများ လေသည်။ တောင်ပေါ်သူ တောင်ပေါ်သားများ ၏ ဘဝက တောင်သူယာခုတ် လယ်ယာအလုပ်ဖြင့် အသက်မွေးကြသော်လည်း ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရသလောက် ချမ်းသာကြီးပွားသူ နည်းပါးလှပေသည်။

လူတန်းစေ့ နေနိုင်စားနိုင်ကြသူများ ရှိသော်လည်း ထိုလူစုမှာ လူနည်းစုမျှသာဖြစ်ပြီး တစ်ဝမ်းတစ်ခါးအတွက် ခက်ခဲပင်ပန်း ဆင်းရဲစွာ အသက်မွေးကြရသူများ ၏ ဘဝက သနားစရာ ရင်နင့်စရာ ဖြစ်သည်။

စာပေဗဟု သုတ နည်းပါးကြသလို ကျန်းမာရေးအသိကျပြန်တော့လည်း မရှိကြပြန်။ ဆေးရုံဆေးခန်းသို့ ရောက်လာကြသူများ ၏ အခြေ

အနေက အတော်ဆိုးရွားမှ ရောက်လာသူများ ဖြစ်သည် ။ ထို့အတွက် လူမမာကိုယ်တိုင် ဝေဒနာကို အလူးအလဲ ခံစားကြရသလို ဆေးရုံဆရာဝန်၊ ဆရာမများမှာ လည်း လူ့အသက်တစ်ချောင်း မဆုံးရှုံးရအောင် ခက်ခက်ခဲခဲ ကယ်တင်ရသည် ချည်း ဖြစ်သည် ။

တချို့မှာ သေကံမရောက် သက်မပျောက်ဆိုသလို ကုသိုလ်ကံတရား၏ အလေးပေးမှု၊ ဆေးနှင့် လူမမာ ကံစပ်ပြီး သေလူအနေအထားမှ ပြန်လည် ကယ်တင်ရယူနိုင်ခဲ့တာမျိုး ရှိသလို တချို့ကျပြန်တော့လည်း အချိန်မီ ဆေးရုံသို့ရောက်လျှင် အသက်ရှင်နိုင်ပါလျက် အချိန်နှောင်းမှ ရောက်လာသည့်အတွက် လက်လွှတ် ဆုံးရှုံးလိုက်ရသည် လည်း ရှိ၏။

ဆင်းရဲချို့တဲ့ နွမ်းပါးလွန်းသော လူမမာ အဘွားအိုတော့ မြွေကိုယ်တိုင် ဆေးဝါး၊ ဓာတ်စာမှ စ၍ လိုအပ်သမျှ အသေးစိတ် ဂရုတစိုက် ပြုစုပေးခြင်းဖြင့် အဘွားအို၏ အသက်ကို ကယ်တင်နိုင်ခဲ့သလို လူနာစောင့်အတွက် လိုအပ်သော အနွေးထည်၊ ခြုံစောင်မှ အစ မြွေက တာဝန်ယူ ကုသိုလ်ပြုပေးခဲ့သည် ။

ထို့ကြောင့် မြွေမှာ သူတို့ မိသားစုအတွက် သူရဲကောင်းမလေး၊ ကယ်တင်ရှင် နတ်သမီးလေးတစ်ပါး ဖြစ်နေ၏။ ပြန်ကာနီး သားအမိနှစ်ယောက် လာရောက် နှုတ်ဆက်ကြကာ သူတို့ ရွာလေးသို့ တစ်ခေါက်တစ်ခါ အရောက်လာလည်ပါရန် အထပ်ထပ် ဖိတ်ခေါ် တိုက်တွန်းကြသဖြင့် မြွေမှာ အဆင်ပြေသည့် တစ်နေ့တော့ အရောက်လာခဲ့ပါမည့် အကြောင်း ကတိပေးလိုက်မှ သားအမိနှစ်ယောက် ဝမ်းသာပျော်ရွှင်စွာ ပြန်သွားကြသည် ။

"ဒေါက်တာ သိပြီးပြီလား မသိဘူး"

"ဘာများ လဲ စစ္စတာ"

"ဆရာဦးအောင်မြင့်အစား နောက်ဆရာဝန်အသစ် ရောက်လာတော့ မယ်ဆိုတာလေ"

"ဟုတ်လား၊ ဘယ်နေ့ ရောက်မှာ တဲ့ လဲ စစ္စတာ"

"လာမဲ့ဆန်းဒေးလို့ ပြောတာပဲ ဒေါက်တာ၊ သဘောကောင်းတဲ့ သူ ဖြစ်ပါစေလို့ ကျွန်မတို့ တော့ ကျိတ်ဆုတောင်းနေရတာပဲ ဒေါက်တာရေ "

"ကျွန်မတို့ တော့ ဒေါက်တာဒေါ်မာလာဆွေနဲ့ တွေ့ပြီးထဲက လန့်နေ တာဆိုတော့ နောက်ထပ် ဒေါ်မာလာဆွေတစ်ယောက် ရောက်လာမှာ သူ့အလိုလို သွေးလန့်နေတော့တာပဲ"

စစ္စတာကြီး ဒေါ်အဲနားထံမှ ညည်းညူသံဖြင့် ပြောလာတော့ လူနာမှ တ်တမ်းတွေကို ကြည့်နေရာမှ မြွေ့ ပြုံးလိုက်မိ၏။

ဒေါက်တာဒေါ်မာလာဆွေ ဆိုသူကိုက မြွေ့ မတွေ့လိုက်ရပါ။ သို့သော် ဒေါ်မာလာဆွေဆိုသူ၏ သတင်းစကားကို တစ်ဆင့်စကားအ နေဖြင့် မြွေ့ ပြန်ကြားခဲ့ရသည် ။ ဆရာဝန် သူဌေးသမီး ဒေါ်မာလာဆွေ က ချမ်းသာပြည့်စုံကြွယ်ဝသည့် အသိုင်းအဝိုင်းမှ ဖြစ်သည့်အတိုင်း လုပ် ဖော်ကိုင်ဖက်တွေအပေါ်မှာ အရောတဝင် မရှိသလောက် သီးသီးသန့်သ န့် နေတတ်သူဖြစ်သည် ။ လုပ်ငန်းအပေါ်မှာ လည်း စိတ်ရှည်သည်းခံနိုင် စွမ်း မရှိ။ သူကိုယ်တိုင် အမှားအယွင်းကင်းအောင် နေသလို တခြားသူ တစ်ယောက်၏ မှားယွင်းမှုကိုလည်း လက်မခံတတ်သူမျိုး ဖြစ်သည် ။

လုပ်ငန်းခွင်မှာ စိတ်မရှည်နိုင်သလို ဒေါသတကြီး ပြုမူပြောဆို ဆက် ဆံမှုများ အပြင် အလွန် မာန်မာနကြီးသူ ဖြစ်သည့်အတိုင်း မည်သူ့ကိုမှ သူနှင့် တူသည်၊ တန်သည် မထင်ကြောင်း စုံလှပေသည် ။

ရုပ်မလှသော်လည်း ခေတ်မီပစ္စည်း အသုံးအဆောင်များ ထည်လဲ သုံးနိုင်သူဖြစ်ရုံမက သူမကိုယ်သူမ ရုပ်ရှင်မင်းသမီးရှုံးအောင် ပြင်ဆင်ရာမှာ လည်း ကျွမ်းကျင်ပိုင်နိုင်လှသူအဖြစ် နာမည်ကြီးသူ ဖြစ်သည် ။

အိမ်ဖော်နှစ်ယောက်၊ အဒေါ်အပျိုကြီး တစ်ယောက်နှင့်အတူ လာ၍ ကားကို ကိုယ်တိုင်မောင်းကာ ဆေးရုံကို လာတတ်သူဟူ၍ လည်း ဆိုပါသည် ။ အစိုးရပေးသည့် ဝန်ထမ်းအိမ်ရာမှာ မနေ၊ မြို့လယ်မှာ သီးသန့်တိုက်တစ်လုံးငှား၍ နေထိုင်သူ ဖြစ်သည် ။

မျက်နှာကြီးအသိုင်းအဝိုင်းမှ ဖြစ်ပြီး ဤမျှ ဆင်းရဲစုတ်ပြတ်သော လူမမာများ နှင့် ဆေးရုံမှာ တာရှည်မနေဘဲ သိပ်မကြာခင်မှာ ပဲ ပြောင်းရွှေ့သွားခဲ့သည် ။

"ဒေါက်တာမြွေ လာမယ်ဆိုတုန်းကလည်း ကျွန်မတို့ ဒီဆုပဲ တောင်းနေရတာ၊ ဟော တကယ်လည်း ရောက်လာရော ကျွန်မတို့ ဆုတောင်းပြည့်တာပဲ"

"ဒီတစ်ခါလည်း စစ္စတာတို့ ဆုတောင်းပြည့်ဦးမှာ ပေါ့"

"အမလေး သိပ်တော့ မထင်ပါဘူး ဒေါက်တာရယ်၊ ဒေါက်တာ့လို ဝါသနာကို အရင်းခံပြီး စေတနာမေတ္တာ အပြည့်ထားတဲ့ ဆရာဝန်မျိုးက ရှားပါတယ်"

"ကျွန်မလည်း လူအမျိုးမျိုးနဲ့ ဆက်ဆံဖူးသလို ဆရာဝန် အမျိုးမျိုးနဲ့လည်း အတူတူတွဲပြီး အလုပ်လုပ်ဖူးတာပဲ၊ ဆရာဝန်ဆိုပေမယ့် လူအမျိုးမျိုး စိတ်အထွေထွေပဲ ဒေါက်တာရေ၊ ကောင်းတဲ့ သူတွေ ရှိသလို ဆိုးတဲ့ လူတွေလည်း ပြည့်လို့ ပါ၊ ကျွန်မတော့ ဒေါက်တာနဲ့ အလုပ်လုပ်ရတာ စိတ်လည်း ချမ်းသာတယ်၊ ပျော်လည်း ပျော်တယ်"

"အဟင်း ဟင်း မြွေက အမြှောက်ကြိုက်လို့ ပြောပြီးပြီနော် စစ္စတာ"

"မှန်တာပြောတာပဲ ဒေါက်တာရဲ့ ၊ လိမ်ညာပြောမိရင် သိန်းထီကြီး များ ပေါက်စမ်းပါရစေရဲ့ "

အတည်ပေါက်နှင့် နောက်လိုက်သော ဒေါ်အဲနားစကားကြောင့် မြွေမှာ အသံလေးများ ထွက်၍ ပင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မိ၏။ ဒေါ်အဲနားက ဟာသဉာဏ်ရှိသူ၊ ရယ်စရာစကား ဆိုတတ်သူဖြစ်သည် ။

ပြုံးနေသည့် မျက်နှာဝိုင်းဝိုင်းကြီးပေါ်မှာ ဘယ်အချိန်ပဲကြည့်ကြည့် ပင်ပန်းနွမ်းနယ်မှု မမြင်ရ။

အလုပ်တာဝန် ဝတ္တရားနှင့်ပတ်သက်၍ ဘယ်သောအခါမှ မညည်းမညူ။ အမြဲလန်းဆန်း တက်ကြွတတ်သူအဖြစ် ဒေါ်အဲနားကို မြွေကိုယ်တိုင် နှစ်ခြိုက်သဘောကျမိသည် ။

ဒေါ်အဲနားလို ကျန်းမာရေးဝန်ထမ်းကောင်းတွေ ရှိနေသည့်နေရာတိုင်း ဘယ်လိုနေရာပဲဖြစ်ဖြစ် လူမမာများ အနေဖြင့် ဒုက္ခရောက်စရာ အကြောင်းမရှိ။ တစ်နေ့တာ တာဝန်ကို ဒေါ်အဲနားနှင့်အတူ လန်းဆန်း တက်ကြွစွာ လူနာများကို ဆေးကုသမှုပြုရင်း ကိုယ့်ကိုယ်ကိုယ် မောရမှန်းမသိ။

ဂျူတီချိန်ပြီးဆုံးကာနီးမှ အရေးပေါ်လူနာ ရောက်လာသဖြင့် မြွေအပါအဝင် တာဝန်ကျဆရာ၊ ဆရာမတွေအားလုံး အလုပ်ရှုပ်သွား၏။ သွေးတွေ မျက်နှာတစ်ခုလုံး ပေလူးနေပြီး ဦးခေါင်းမှာ ဒဏ်ရာပြင်းစွာရလာသူ လူနာကို မြွေကိုယ်တိုင် ကြပ်မတ်ကုသနေချိန်မှာ လူနာ၏ မျက်နှာကို ပီပြင်သဲကွဲစွာ တွေ့မြင်လိုက်ရပြီဖြစ်သော ဒေါ်အဲနားထံမှ အလန့်တကြား အော်သံတစ်ခု ထွက်လာ၏။

"အလို သူဌေး စဝ်ခွန်ချိုင်ပါလား"

မြွေက ဒေါ်အဲနား၏ အလန့်တကြားအသံကို ဂရုမစိုက်နိုင်။ သတိလစ်မေ့မြောနေသော လူနာကိုသာ အမြန်ဆုံး သတိရလာအောင် ဂရုတစိုက် ဆေးကုသမှုပြုလျက်ရှိ၏။

******

## အခန်း (၂)

"အား.. ကျွတ်.. ကျွတ်"

ပထမဆုံး သတိရချိန်။ ဦးခေါင်းထဲမှာ တဆစ်ဆစ် ကိုက်ခဲနာကျင်လှသော ပြင်းထန်ဆိုးရွားသည့် ဝေဒနာကြောင့် သူ့ဦးခေါင်းကို လက်ဖြင့် ဖျတ်ခနဲ ဆုပ်ကိုင်လိုက်တော့ အထပ်ထပ် စည်းနှောင်ထားသည့် ပတ်တီးစကို စမ်းမိသည် နှင့် မှေးမှိတ်ထားသည့် မျက်ဝန်းအစုံကို ဖျတ်ခနဲ ဖွင့်လိုက်မိသူက စဝ်ခွန်ချိုင်။

"ဆရာ သတိရပြီလား ခင်ဗျာ"

အနားမှာ စိုးရိမ်သောမျက်နှာဖြင့် စဝ်ခွန်ချိုင်၏ ဆေးရုံခုတင်ဘေးမှာ ရို့ကျိုးလေးစားသော အမူအရာဖြင့် ရပ်နေသော အိုက်တူးမျက်နှာကို မြင်လိုက်ရတော့ စဝ်ခွန်ချိုင် သူ့အဖြစ်သူ သဘောပေါက်သွားသည်။

"အိုက်တူး"

"ခင်ဗျာ"

"ငါ့ကို ဆေးရုံခေါ်လာတာ မင်းလား"

"ဟုတ်ကဲ့"

ဒေါသဖြင့် ထန်နေသော ဆရာ့မျက်နှာကို ကြည့်ပြီး အိုက်တူး ခေါင်းငုံ့သွားသည်။

"ဟိုကောင် ဘာဖြစ်သွားသေးလဲ"

"သူထွက်ပြေးသွားတာ မြင်လိုက်ပါတယ်"

"တောက်"

ကျယ်လောင်ပြင်းထန်သော တောက်ခေါက်သံကြောင့် အိုက်တူး မျက်နှာပျက်သွားသည် ။ ဒီလောက်ဆို သူ့ဆရာအခြေအနေကို အိုက်တူး သိနေပြီ။ ကွန်ဖရာဆိုသည့်လူတော့ သူ့ဆရာ လက်တုံ့ပြန်မှုကို ကောင်း ကောင်း ခံရတော့မည်။

သူ့ဆရာက သစ္စာဖောက် ကွန်ဖရာကို လက်လွှတ်ခံမည်မဟုတ်။ ပြေးနိုင်သမျှ ပြေးရန်သာရှိသည် ။ မပြေးနိုင်ဘဲ ဆရာ့လက်ထဲ ရောက် လို့ ကတော့ ဒီလူမလွယ်။

"အလစ်မှာ ခံလိုက်ရတာ နာသကွာ၊ ဒီကောင် အခု ဘယ်မှာ ရှိနေတ ယ်ဆိုတာ ချက်ချင်း စုံစမ်းစမ်း အိုက်တူး၊ ပြီးရင် ငါ့ကိုအကြောင်းပြန် ကြားလား"

"ဟုတ်ကဲ့"

"ပြောနေ ကြာပါတယ်၊ လာ အခုပဲ သွားကြမယ်"

"ဟာ ဆရာ ဆရာ့မှာ ဒဏ်ရာကြီးနဲ့ အခုချက်ချင်း ဘယ်သွားလို့ ဖြစ် ပါ့မလဲဗျာ၊ ပြီးတော့ ဆရာဝန်ကလည်း ဆရာ့ကို ဆေးရုံမှာ နေဖို့ သေ သေချာချာ မှာ ထားတယ်ဗျာ"

ဆေးရုံခုတင်ပေါ်က သူ့သဘောနှင့်သူ ဝုန်းခနဲ ဒိုင်းခနဲ ဆင်းချလိုက် ရုံမက ဆေးပိုက်များကိုပါ ဖြုံးခနဲ ဖျတ်ခနဲ ဆွဲဖြုတ်လိုက်ပုံက မြန်ဆန် လွန်းလှတာမို့ ဆရာဖြစ်သူကို ကြည့်ပြီး အိုက်တူး အလန့်တကြား အသိ ပေးစကား ဆိုပေမယ့် မရ။ အနားမှာ အသင့်ရှိနေသည့် ဂျာကင်အင်္ကျီကို

ဆွဲဝတ်ကာ ခြေလှမ်းကျဲကြီးတွေနှင့် သူ့နားက ထွက်သွားတာမို့ သူ့ဆရာ နောက်ကို အိုက်တူး အပြေးလိုက်လာခဲ့၏။

"ဆရာ ဆရာ"

"ဘာလဲ မင်းပြောမှ ငါသိတယ်၊ ဘာတစ်ခုမှ လျှာမရှည်နဲ့ "

"ဟို ဒါပေမဲ့ ဒေါက်တာက ဆရာ့ကို ဆေးရုံမှာ ပဲ ငြိမ်ငြိမ်နေဖို့ မှာ ထားလို့ ပါ ဆရာ"

"ဒါတွေ ငါသိတယ် ကားသော့ ဘယ်မှာ လဲ ပေးစမ်း"

"ဒီ ဒီမှာ ပါ ဆရာ"

သူ့ဆရာစိတ်ကို သိနေတော့ အိုက်တူးလည်း ဒါထက်ပိုပြီး သူ့ဆရာ ကိုမပြောရဲ။ ရို့ကျိုးစွာပင် စဝ်ခွန်ချိုင်လက်ထဲသို့ ကားသော့ကို ထည့် ပေးလိုက်သည် ။ ကားသော့ရသည် နှင့် စဝ်ခွန်ချိုင်က နောက်ကိုပင် တစ်ချက်လှည့်မကြည့်တော့။

ခြေလှမ်းကျဲကြီးတွေနှင့် သူ့ရှေ့က ဒေါသတကြီး ထွက်သွားသဖြင့် အိုက်တူးလည်း သူ့ဆရာခြေလှမ်းကို အမီလိုက်ရင်း အတူပါသွားသည် ။

ကော်ရစ်တာ ထောင့်ကွယ် အချိုးနေရာလေး အရောက်မှာ တော့

"အင့်"

"အို"

"အာ ဆောရီး"

လူတစ်ယောက်နှင့် အင့်ခနဲ မြည်အောင် ဝင်တိုက်မိရာမှ အလန့်တကြား ထွက်ပေါ်လာသည့် အသံလေးတွေအဆုံး အရှိန်ပြင်းစွာ ဝင်ရောက်တိုးတိုက်မိသူ နှစ်ဦးအဖြစ် စဝ်ခွန်ချိုင်နှင့် မြေ့တို့ မှာ တစ်

ယောက်မျက်နှာကို တစ်ယောက် ပြိုင်တူလို ကြည့်လိုက်မိကြ၏။

"ဆောရီးဗျာ ကျုပ်မှာ သိပ်အရေးကြီးတဲ့ ကိစ္စ ရှိနေလို့ ခင်ဗျားကို မမြင်လိုက်ဘူး"

စဝ်ခွန်ချိုင်ထံမှ ထပ်ဆင့်တောင်းပန်စကား ဆိုသံနှင့်အတူ သူဝင်တိုးမိသော မိန်းမလှလေး၏ မျက်နှာကို ငုံ့ကြည့်လိုက်သည် ။ စိတ်ထဲမှာ သိပ်လှသည့် မိန်းမလှလေးတစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်မိပေမယ့် ဒါထက်ပိုပြီး စိတ်မဝင်စားမိ။

အခုချိန်မှာ သူစိတ်ဝင်စားနေသူက ကွန်ဖရာဆိုသည့်လူကလွဲပြီး သူ့အာရုံထဲမှာ ဘာမှ မရှိ။ ဒီလူကို ကောင်းကောင်း ပညာပေးဆုံးမမည်။ ဒါက သူ့အတွေးဖြစ်ပေမယ့် အိုက်တူးကတော့ သူ့ဆရာနှင့် ဝင်တိုးမိသော ဒေါက်တာမြွေကိုကြည့်ကာ နှုတ်ဆွံ့အလျက် ငေးကြောင်ကြည့်နေ၏။

ထို့အတူ မြွေကိုယ်တိုင်မှာ လည်း သူမနှင့် ဝင်တိုက်မိသူ၏ မျက်နှာနှင့် ဦးခေါင်းမှ ပတ်တီးဖြူဖြူကို ကြည့်ကာ မျက်ခုံးလေး တွန့်သွားသည် ။

"နေစမ်းပါဦး ရှင် ဒီဆေးရုံကို မနေ့ကညနေမှ ရောက်လာတဲ့ ပေးရှင့်မဟုတ်လား၊ ဘယ်လိုလုပ်ပြီး အပြင်ကို ထွက်လာတာလဲ"

"ရှင့်ခေါင်းက ဒဏ်ရာကို စစ်ဆေးစရာ ရှိသေးတယ်၊ အခုပဲ ကိုယ့်နေရာ ကိုယ်ပြန်ပါ"

စိတ်ရှုပ်ထွေးသည့်ဟန်။

သဘောမကျသည့် အကြည့်စူးလေးတွေနှင့် သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောနေသည့် မိန်းမလှလေး၏ မျက်နှာကို စူးရှတောက်ပသော မျက်လုံးအစုံဖြင့် စိတ်မရှည်သလို မျက်ခုံးထူတွေ တွန့်ကုတ်ပြီး တုံ့ပြန်ကြည့်နေသူက စဝ်ခွန်ချိုင်။

"ဒီမှာ ရှင့် ရှင်က ကျွန်မပေးရှင့်ကို ဘယ်ခေါ်သွားမလို့ လဲ၊ ကျွန်မ လုံးဝခွင့်မပြုဘူး၊ သူ့ခေါင်းက ဒဏ်ရာ ဘယ်လောက် အရေးကြီးတယ် ဆိုတာ ရှင်မသိဘူးလား"

"ဟို အဲဒါက ဒီလိုပါဒေါက်တာ ကျွန်တော်"

အိုက်တူးမှာ သူ့ကို စေ့စေ့လေးကြည့်ပြီး ပြောဆိုပြစ်တင်လာသည့် ဒေါက်တာမမကြောင့် သူ့ဆရာ၏ တည်ကြည်ခန့်ညားသော မျက်နှာ ချောချောကို ကြည့်လျက် အထစ်ထစ်အငေါ့ငေါ့နှင့် ဖြစ်နေစဉ်မှာ ပင်..

"ခင်ဗျားက ဆရာဝန်လား"

"ဟုတ်တယ်၊ ကျွန်မက ရှင့်ကို တာဝန်ယူကုသပေးနေတဲ့ ဆရာဝန်ပဲ ၊ ရှင် သူ့နောက်ကို လုံးဝ လိုက်မသွားပါနဲ့ ၊ ရှင့်ခေါင်းက ဒဏ်ရာကို စစ် ဆေးရဦးမယ်၊ အခုပဲ ကျွန်မနဲ့ ပြန်လိုက်ခဲ့ပါ"

"ကျုပ် ဆေးရုံက ဆင်းလိုက်ပြီ"

"ဘာရှင့်"

"ကျုပ်သဘောနဲ့ ကျုပ် ဆင်းတာဆိုရင် ဖြစ်တယ်မဟုတ်လား"

"ဟင်"

"လိုအပ်တဲ့ ဆေးကုသမှုကို ကျုပ်ဘာသာကျုပ် ဆက်လုပ်လိုက်ပါ့ မယ်၊ လာ အိုက်တူး သွားကြမယ်"

"အို"

မြွေဘက်က ဘာစကားတစ်ခွန်းမှ ဆိုရန် အခွင့်မရလိုက်၊ ခြေလှမ်း ကျဲကြီးတွေနှင့် သူမနားက ကျောခိုင်း ထွက်ခွာသွားသူ၏ နောက်ကျော ပြင်ကြီးကို ကြည့်ကာ နေရာမှာ ရပ်လျက် စိတ်ခံပြင်းစွာ ကျန်ရစ်သည် ။

အိုက်တူးဆိုသည့် သူ့တပည့်မှာ လည်း မြွေကို အလွန်အမင်း အားနာဟန်ရှိသော်လည်း ဘာတစ်ခွန်းမှ မပြောရဲသလို သူ့ဆရာနောက် ကောက်ကောက်ပါအောင် လိုက်သွား၏။ မြွေ ရပ်ကြည့်နေဆဲမှာ ပင် စဝ်ခွန်ချိုင်ကိုယ်တိုင် အနက်ရောင် ပါဂျဲရိုးကားကြီးကို နေရာမှ ခပ်ကြမ်းကြမ်း မောင်းထွက်သွားရာ တစ်ခဏအတွင်းမှာ ပင် မြွေမြင်ကွင်းရှေ့က ဝေါခနဲ ကွယ်ပျောက်သွားပုံက မြန်ဆန်လွန်းသည် ။

ဘယ်လိုလူလဲ။

လူပုံချောချောနဲ့ စကားပြောပုံက မာရေကြောရေနဲ့ ။ သူ့ကိုယ်သူ ပိုက်ဆံချမ်းသာတဲ့ သူဌေးဆိုပြီးတော့များ တစ်လောကလုံးကို လူမထင်ဘူးဆိုတဲ့ သဘောလား။

"ဒေါက်တာ"

"ဩော် ဒေါ်အဲနား"

"သူဌေးစဝ်ခွန်ချိုင်ကို သူ့ကားကြီးနဲ့ တွေ့လိုက်ရလို့ ကျွန်မ အံ့ဩနေလို့ ပါ၊ သူ့ကို ဒေါက်တာ ဆေးရုံက ဆင်းခွင့်ပြုလိုက်တာလား"

မြွေ့အနားသို့ အပြေးရောက်လာသည့် စစ္စတာဒေါ်အဲနားအမေးကို ခံပြင်းဒေါသလေးတွေ တဝေဝေဖြစ်ကျန်ရစ်သော မြွေမှာ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် အဖြေပေးလိုက်သည် ။

"မဟုတ်ပါဘူး ဒေါ်အဲနားရယ်၊ သူ့သဘောနဲ့ သူ ဆေးရုံက ဆင်းသွားတာပါ၊ မြွေ တားနေတာကိုတောင် သူက ဂရုမစိုက်ဘူး"

"ထင်တော့ ထင်သားပဲ၊ ဒီလူက ဘယ်သူ့ကိုမှ ဂရုစိုက်တတ်တဲ့ လူ မဟုတ်ဘူး ဒေါက်တာရဲ့ ၊ သူ့စိတ် သူ့သဘောအတိုင်း သူမှန်တယ်ထင်ရင် ပြီးနေတဲ့ လူစားမျိုးထဲကပဲ"

"စဝ်ခွန်ချိုင်ဆိုတဲ့ လူနဲ့ ပတ်သက်ပြီး ဒေါက်တာ့စိတ်ထဲ ဘာမှ ခံစား မနေနဲ့ သိလား၊ သူတို့ က ပိုက်ဆံချမ်းသာတဲ့ သူဌေးတွေဆိုတော့ သူတို့ ကိုယ်သူတို့ တစ်ခုခုအဖြစ်ခံမယ့် လူစားတွေလည်း မဟုတ်ပါဘူး၊ ငွေကု န်ချင်သလောက်ကုန် နိုင်ငံခြားထိထွက်ပြီး ဆေးကုမယ့်သူတွေချည်းပဲ"

"ဒါလည်း တစ်မျိုးတော့ ကောင်းတာပါပဲ ဒေါက်တာရယ်၊ သူတို့ ကို ပေးရမယ့်အချိန်နဲ့ ဆေးဝါးတွေကို တခြားပေးရှင့်တွေကို ပိုပေးနိုင်တာ ပေါ့"

"ဟုတ်ပါတယ်လေ သူတို့လို ပိုက်ဆံချမ်းသာတဲ့ လူတွေအတွက် ဘယ်နေရာမှာ မဆို ဆေးကုသနိုင်ပါတယ်"

အနှောင့်အယှက်ဖြစ်သွားသော စိတ်လေးကို တစ်ဝက်မက လျှော့ချ ရင်း ဖြေသာသော အတွေးလေးနှင့် ဖြေတွေးလေး တွေးလိုက်မှ လူ လည်း နေလို့ ရသွားသည် ။

"ဒါပေါ့ ဒေါက်တာရယ် ကျွန်မဆိုလည်း အခု ဒေါက်တာ တွေးသလို ပဲ ခံယူထားလိုက်တော့ အေးသွားရော"

ဒေါ်အဲနားက စဝ်ခွန်ချိုင်အကြောင်း ကောင်းကောင်း သိထားသူ တစ်ယောက်ဟု မြွေ တွေးလိုက်၏။ ဒါကြောင့်လည်း မြွေစိတ်ထဲမှာ ဒီလူ ကြောင့် ဖြစ်သွားရသည့် ခံပြင်းဒေါသစိတ်လေး ပြေလျော့သွားအောင် စ ကားလုံးတွေနှင့် နှစ်သိမ့် ဖျောက်ဖျက်ပစ်ခြင်းဟု သဘောပေါက်လိုက် သည် ။

"မြွေတို့ တခြားပေးရှင့်တွေကို သွားကြည့်ကြစို့ ဒေါ်အဲနားရေ"

"ကောင်းပါပြီရှင် ကောင်းပါပြီ"

စဝ်ခွန်ချိုင်ဆိုသည့် လူနှင့် ပတ်သက်သမျှကို မြွေ အတွေးအာရုံထဲက

ချက်ချင်းပင် ဖယ်ထုတ်ပစ်လိုက်သည် ။ သည့်နောက်မှာ တော့ ကိုယ်တာဝန်ကျရာ အလုပ်ထဲမှာ သာ သူမအာရုံကို အလုံးစုံ စူးနစ်ထားလိုက်၏။

ထုံးစံအတိုင်း အချိန်တွေ ဘယ်လိုကုန်သွားမှန်းမသိ။ ညအိပ်ရာဝင်ချိန်ရောက်မှ တစ်နေ့တာ ပင်ပန်းနွမ်းနယ်ခဲ့သမျှ အနားယူ အပန်းဖြေမိသည့်အခိုက် မြွေ့ အတွေးအာရုံထဲကို အပြစ်ကင်းစွာ ရယ်မောရွှင်ပျနေသော ချစ်စရာ ညီမငယ်နွေး၏ ပုံရိပ်လေး ဖျတ်ခနဲ ဝင်ရောက်နေရာ ယူလာတော့ မြွေ့နှလုံးသားမှာ နာကျင်ကြေကွဲမှုတွေနှင့် နင့်စို့လို့ သွားရပြန်သည် ။

နွေးလေးရယ်။

မမ ဘယ်လိုများ ညီမလေးကို မေ့လို့ ရနိုင်မှာ လဲ ကလေးရယ်။

ညီမလေးကို မမ ချစ်တယ်။

မမနှလုံးသားထဲမှာ နွေးလေး အမြဲရှိနေတယ်။

အမြဲထာဝရ ရှင်သန်နေပါတယ်ကွယ်။

နွေးလေးကို မမ သတိရတယ်။

လွမ်းတယ် ညီမလေးရယ်။

မျက်ဝန်းအိမ်မှာ စိမ့်အိုင်ပြည့်တက်လာသော မျက်ရည်တွေကို ခေါင်းလုံးလေးပေါ် သွန်ချလိုက်၏။ ဆေးရုံနှင့်လူမမာလုပ်ဖော်ကိုင်ဖက်တွေကြားမှာ အပြုံးမပျက် အားလုံးအပေါ်မှာ တစ်ပြေးညီ စေတနာ၊ မေတ္တာ၊ ကရုဏာတွေနှင့် ကိုယ်ရောစိတ်ပါ နှစ်မြုပ်ထားပေမယ့် မြွေ့ရဲ့ ရင်ထဲ နှလုံးသားထဲမှာ တော့ ဘယ်သူမှ မမြင်မတွေ့နိုင်သော နက်ရှိုင်းသော ဝေဒနာတစ်ခု သယ်ပိုးထားရသည့် အဖြစ်ကို မည်

သူသိနိုင်မည်နည်း။

အချိန်ဆိုသည့် သမားတော်ရဲ့ ကုစားမှုအောက်မှာ ခံစားနာကျင်ခဲ့ရသမျှ ပြေလျော့ပျောက်ဆုံးသွားလိမ့်မည်ဟု ဆိုသော်လည်း အချိန်မည်မျှကြာမှ ညီမငယ်နွေး၏ အဖြစ်ဆိုးကို မေ့ပျောက်၍ ရနိုင်မည်မသိ။

ညီမငယ်ကို သတိရစိတ်နှင့် တမ်းတလွမ်းဆွတ်မိတိုင်း မြွေ့နှလုံးသားတွေ နာကျင်မှုနှင့် ပင်ပန်းဆင်းရဲသည် ချည်း။ စိတ်အာရုံကို အလုပ်နှင့် တာဝန်ဝတ္တရားများကြားမှာ ဘယ်လောက်ပဲ အနားမပေးဘဲ ထားသော်လည်း ညီမငယ်နွေးနှင့် ပတ်သက်သော အတိတ်အကြောင်းက မြွေ့ကို အမြဲလို ခြောက်လှန့်နေဆဲ။

ညီမငယ်ရဲ့ နောက်ဆုံးအချိန်မှာ မြွေ့ကို တမ်းတသွားခဲ့သလား။ ဘယ်လိုများ ရင်ဆိုင်ကျော်ဖြတ်ခဲ့ပါလိမ့်ဟု တွေးမိတိုင်း မြွေ့စိတ်နှလုံးတို့ ဘယ်သောအခါမှ ချမ်းငြိမ်းရသည် မရှိ။

ညီမငယ်ရဲ့ အလိုဆန္ဒကို လိုက်လျောမိသော မြွေ့အပြစ်ကိုလည်း ပြန်တွေးမိတိုင်း တစိမ့်စိမ့် နာကြည်းသလို ညီမငယ်နွေး၏ ချစ်သူအပေါ်မှာလည်း ခွင့်မလွှတ်။ မွေးရာပါ နှလုံးအားနည်းရှာသော ညီမငယ်ကိုယ်တိုင် ဆေးရုံခုတင်ထက်မှ သူမချစ်သူကို တွေ့လိုမြင်လိုပါသည် ဟု မျက်ရည်စက်လက်နှင့် မြွေ့ကို ပူဆာနေမှ တော့ ညီမဖြစ်သူ စိတ်ဆန္ဒကို မလွန်ဆန်နိုင်ခဲ့။

ဒါနဲ့ ပဲ နွေးရဲ့ ချစ်သူ မင်းညိုလွင်ဆိုသူရှိရာကို မြွေ့ကိုယ်တိုင် ရှေ့မျက်နှာနောက်ထားပြီး သွားရောက်ခဲ့သည် ။ နွေးပေးသည့် ဖုန်းကို ဆက်တော့ ကိုင်မည့်သူမရှိ။ အိမ်လိပ်စာပေးထားသည့်အတိုင်း လိုက်သွားမိတော့ နွေးဓာတ်ပုံထဲက မင်းညိုလွင်ဆိုသူနှင့် ဆုံသည် ။

တိုက်ဆိုင်ချင်တော့ မြွေ့က မင်းညိုလွင်တို့ ခြံကြီးရှေ့ကိုအရောက် ခြံ

ထဲက ကားတစ်စီး ထွက်အလာဆုံတော့ မြွေ့ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားသည် ။ ကားမောင်းလာသူကို လှမ်းကြည့်လိုက်တော့ နွေးဓာတ်ပုံထဲက လူ။ နွေးရဲ့ ချစ်သူ မင်းညိုလွင်ကိုယ်တိုင် ဖြစ်နေသည် ။ မြွေ့ ဘာကိုမှ စဉ်းစားမနေတော့။

မင်းညိုလွင် ကားရှေ့မှာ ပိတ်ရပ်ပြီး သူ့ကားကို ရပ်တန့်စေလိုက်သည် ။ အံ့သြနားမလည်နိုင်သော အမူအရာနှင့် မျက်ခုံးအစုံကို ပင့်တင်ပြီး မြွေ့မျက်နှာလှလှလေးကို တအံ့တသြ ကြည့်နေသူရှိရာ အမြန်လျှောက်သွားပြီး မြွေ့ ပြောစရာရှိတာကို ခပ်သွက်သွက်လေး ပြောချလိုက်သည် ။

"ဒီမှာ ရှင့် ရှင့်ကို နွေးက သိပ်တွေ့ချင်နေလို့ သွားခေါ်ပေးပါပြောတာနဲ့ ကျွန်မ လာခေါ်တာပါ"

"အခု နွေးက ဆေးရုံမှာ အသည်းအသန်"

"နေပါဦးဗျာ ခင်ဗျား ဘာတွေပြောနေတာလဲဆိုတာ ကျွန်တော် လုံးဝနားမလည်ဘူး ဖြစ်နေတယ်"

"ဘယ်က နွေးလဲ၊ ခင်ဗျားပြောတဲ့ နွေးကို ကျွန်တော် မသိဘူး"

"ရှင်"

ရုတ်တရက်တော့ မြွေ့ပါ ကြောင်သွားသည် ။ ပြီးတော့ ရှက်စိတ်နှင့် ခံပြင်းဒေါသလေးကြောင့် လှပသော မျက်နှာလေး ရဲရဲနီသွား၏။

"ရှင် ရှင် နွေးကို မသိဘူးဟုတ်လား"

"ဟုတ်တယ် မသိဘူး၊ နွေးဆိုတာ ဘယ်သူလဲ"

"နွေးဆိုတာ ရှင့်ရည်းစား၊ ရှင့်ချစ်သူလေ၊ ဒါကိုမသိဘူးဆိုတော့ ရှင်

လူမှ ဟုတ်ရဲ့ လားဟင်၊ အခု နွေးက"

"ဘာတွေ ပြောနေတာလဲဗျာ၊ ခင်ဗျားပြောတာတွေ ဘာတစ်ခုမှ နားမလည်ဘူး၊ ဒီမှာ ခင်ဗျားပြောတဲ့ နွေးကိုလည်း ကျွန်တော် မသိဘူး၊ အရေးကြီးတဲ့ ကိစ္စရှိလို့ ခွင့်ပြုပါ"

"ဝူး"

"ဟာ"

ကားက နေရာမှ ဝေါခနဲ မောင်းထွက်သွားချိန်မှာ မြေ့ ဘာမှ မလုပ်တတ်ဘဲ ကြောင်အ ကျန်ရစ်ခိုက်မှာ လက်ကိုင်အိတ်ထဲက ဖုန်းက အသံမြည်လာသည် ။

"မြေ့ အမြန်လာ၊ ဒီမှာ နွေးဆုံးပြီ"

"ဟင်"

"နွေး.. နွေးရေ"

အရူးတစ်ယောက်လို အော်ဟစ်ပြီး နွေးရှိရာကို အပြေးပြန်လာရာ လမ်းတစ်လျှောက် မြေ့တစ်ကိုယ်လုံး နောင်တတရားတွေ ပြည့်နေသည် ။ နွေးအနားမှာ မနေမိသောအမှား။ နွေးချစ်သူက နွေးနာမည်ကိုပင် မကြားဘူးပါဆိုသည့်စကား။ နွေးရဲ့ မျက်ရည်စတွေ၊ ပြီးတော့ နွေးက သူမ ချစ်သူကို တွေ့ချင်ပါသည် ၊ မြေ့ကိုယ်တိုင် သွားခေါ်ပေးပါဆိုသည့် ပွဲတင်စကားသံတွေ။

နွေးရယ်။

မမကိုရော နွေးချစ်သူဆိုတဲ့ လူကိုရော ဘယ်တော့မှ ခွင့်မလွှတ်နဲ့ ညီမရေ။

မမကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင် အမြဲ နောင်တတရားတွေ ထုံမွှန်းနာကျင်နေပါတယ် ဆိုတာ နွေး ယုံပါကွယ်။

နွေးမှာ ချစ်သူရှိတယ်ဆိုတာ နွေးကိုယ်တိုင် ဖွင့်ပြောပြလို့ မြွေ သိခဲ့ရတာကလွဲလို့ နွေးချစ်သူဆိုတာကို မြွေ တစ်ခါမှ ပင် မမြင်ဘူးခဲ့ပါ။ နွေးပြသည့် ဓာတ်ပုံထဲကလူကို နွေးရဲ့ နောက်ဆုံးအချိန်မှာ တွေ့မြင်ခဲ့သည်။

နာကြည်း မုန်းတီးခဲ့ရသည် ။

နွေးကို နာမည်ပင် မကြားဘူးပါဟု စိမ်းပြတ်ရက်စက်စွာ ငြင်းဆိုခဲ့သည့်လူ။ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို အပျင်းပြေ ဆော့ကစားစရာအဖြစ် သဘောထားပုံရသည် ။

ဒီလိုလူမျိုးနှင့် အခုဘဝမှာ ရော နောက်ဘဝမှာ ရော ဘယ်တော့မှ ပြန်မဆုံချင်။ နွေးကတော့ သူမ ချစ်သူအပေါ်မှာ ယုံကြည်စိတ်ချမှုတွေ အပြည့်နှင့် နောက်ဆုံးအချိန်ထိ ချစ်သူကိုများ တမ်းတသွားပုံရသည် ။

အယုံလွယ်တတ်သော နုနုငယ်ငယ် မိန်းမသားတစ်ယောက်၏ အဖြစ်က ရင်နာစရာ။ အချိန်တွေ ကြာပြီဆိုပေမယ့် မြွေအတွက်ကတော့ အဖြစ်အပျက်တိုင်း မနေ့တစ်နေ့ကလို ထင်မြင်ခံစားနေရဆဲမို့ အငိုမျက်ရည်တွေကို ရပ်တန့်ဖို့ ကြိုးစားရပြန်သည် ။

နွေးနှင့်ပတ်သက်တိုင်း မြွေရင်တွေ နာကျင်ရလွန်းသည် ။ နွေးကိုယ်တိုင်ရော နောက်ဆုံးအချိန်ထိ ရောက်မလာနိုင်သည့် အစ်မဖြစ်သူနှင့် သူမချစ်သူအပေါ်မှာ နာကြည်းသွားသည် လား။

ဟင့်အင်း။

မြွေ ဘာမှ မသိချင်တော့ဘူး နွေးရယ်။ သံသရာအဆက်ဆက်မှာ မြွေ

တို့ ညီအစ်မနှစ်ယောက်စလုံး ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မတွေ့ကြုံပါရစေနဲ့ လို့ ပဲ မမ နေ့တိုင်း ဘုရားမှာ ဆုတောင်းနေပါတယ်ကွယ်။

******